**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com


## စစ်ကောင်စီမှ ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ (Waybula) အား အကြမ်းဖက် ဗုံးကြဲတိုက်ခိုက်မှုအပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့

၁။ အကြမ်းဖက်စစ်ကောင်စီက ချင်းလဲန်၊ ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ (Waybula) အတွင်း အပြစ်မဲ့ပြည်သူကို ဦးတည်ပြီး ဧပြီလ (၁၁) ရက်နေ့ နံနက် (၁၁) နာရီ၌ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာ ခရစ်ယာန် ဓမ္မဆရာတစ်ဦးနှင့် CDM ကျောင်းဆရာ လင်မယားအပါအဝင် အနည်းဆုံး ချင်းပြည်သူ (၉) ဦး (ကျား ၆ ဦး၊ မ ၃ ဦး) သေဆုံးပြီး ပြည်သူ (၄) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည့်အပြင် အိမ်ခြေတချို့ မီးလောင်ပျက်စီးခဲ့သည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက် ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ်လုပ်ရပ်သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် လူဦးရေအနည်းဆုံးဖြစ်သည့် ချင်းလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်သဖြင့် အပြင်းအထန် ရှုတ်ချသည်။ အကြမ်းဖက်စစ်ကောင်စီအား နိုင်ငံတကာမိသားစုမှ အရေးယူအပြစ်ပေးမှုများ ပြုလုပ်ကြပါရန် အလေးအနက် တောင်းဆိုသည်။

၃။ CNF/CNA သည် နိုင်ငံရေးခံယူချက်/ဦးတည်ချက်တူညီသော ညီနောက်မဟာမိတ်များ၊ NUG၊ နွေဦးတော်လှန်ရေးလက်နက်ကိုင်အင်အားစုများနှင့်အတူ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ပြီး စစ်အာဏာရှင်စနစ် ကျဆုံးသည်အထိ အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၄။ ဝေဘူလမြို့ပေါ် အကြမ်းဖက်မှုအတွင်း အသက်ဆုံးပါးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ မိသားစုများ၊ ရပ်ဆွေရပ်မျိုးများနှင့် ထပ်တူဝမ်းနည်းကြောင်းနှင့် ဘုရားရှင်ထံမှ စိတ်နှလုံးငြိမ်သက်ခြင်း သက်ရောက်စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး


C h i n N a t i o n a l F r o n t – G e n e r a l H e a d q u a r t e r s , C h i n l a n d